# သတင်းအချက်အလက်




သင်၏ကျန်းမာရေး၊ အစိုးရဆေးရုံနှင့် ပုဂ္ဂလိကဆေးရုံ ကုသမှုနည်းလမ်းများကဲ့သို့ ရရှိနိုင်သော ဝန်ဆောင်မှု အမျိုးမျိုးနှင့်ပတ်သက်၍ သင့်တွင် ရှင်းလင်းပြတ်သားသော သတင်းအချက်အလက်များရရှိရန် အခွင့်အရေး ရှိပါသည်။

ကုသမှုမခံယူမီ အသိရှိသော သဘောတူညီချက်ပေးရန် လိုအပ်သည်။ ဆိုလိုသည်မှာ သင်သည် သင်၏ ကုသမှုနည်းလမ်းများ၊ ဖြစ်နိုင်ခြေရှိသော ကောင်းကျိုးများနှင့် အန္တရာယ်များအပြင် ကုန်ကျစရိတ်များကို အပြည့်အစုံ နားလည်သင့်သည်။

သင်၏ကျန်းမာရေးစောင့်ရှောက်မှု နည်းလမ်းများ၊ သွားရမည့်နေရာများ၊ စောင့်ဆိုင်းရမည့်အချိန်များနှင့် တစ်စုံတစ်ရာအတွက် ငွေပေးချေရန် လို/မလို တို့နှင့်ပတ်သက်သည့် အချက်အလက်များ သင့်ကို ပေးသင့်သည်။

ကျန်းမာရေး စောင့်ရှောက်မှု ခံယူနေစဉ်အတွင်း တစ်ခုခု မှားယွင်းနေပါက ၎င်းအကြောင်း ပြောပြရန် သင့်တွင် အခွင့်အရေးရှိသည်။ ကျန်းမာရေး ဝန်ဆောင်မှုဌာနသည် ဖြစ်ပျက်ခဲ့သည့်အရာ၊ သင့်ကို မည်သို့ထိခိုက်နိုင်သည်နှင့် ပိုမိုအန္တရာယ်ကင်းစေရန် စောင့်ရှောက်မှုကို မည်သို့ပြုလုပ်ပေးနေသည်ကို ရှင်းပြသင့်သည်။

# ကိုယ်ရေးလုံခြုံမှု




သင်၏ကိုယ်ရေးလုံခြုံမှုကို လေးစားလိုက်နာရန် သင့်တွင် အခွင့်အရေးရှိသည်။ ၎င်းတွင် သင်၏ ကိုယ်ခန္ဓာ၊ ပိုင်ဆိုင်ပစ္စည်းများ၊ သတင်းအချက်အလက်နှင့် မိမိအသုံးပြုသည့်ကန့်သတ်နေရာများ စသည်တို့၏လုံခြုံရေး ပါဝင်သည်။

သင်၏ ကိုယ်ရေးကိုယ်တာနှင့် ဆေးဘက်ဆိုင်ရာ အချက်အလက်များကို လုံခြုံစွာသိမ်းဆည်းပြီး လျှို့ဝှက်ပေးထားရမည်။

# သဘောထားမှတ်ချက်ပေးပါ

သဘောထားမှတ်ချက် တင်ပြရန် သို့မဟုတ် မကျေနပ်ချက် တိုင်ကြားရန် သင့်တွင် အခွင့်အရေးရှိသည်။ သင်၏ စိုးရိမ်ပူပန်မှုများကို သင့်လျော်သော အချိန်ကာလအတွင်း ပွင့်လင်းမြင်သာစွာ ဖြေရှင်းပေးသင့်သည်။ သဘောထားမှတ်ချက် တင်ပြခြင်း သို့မဟုတ် မကျေနပ်ချက် တိုင်ကြားခြင်းကြောင့် သင့်အား ထိခိုက်စေသောနည်းလမ်းဖြင့် မဆက်ဆံသင့်ပါ။

သင်၏ ကြုံတွေ့မှုများကို မျှဝေခြင်းအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကို တိုးမြှင့်ပေးရာရောက်နိုင်သည်။

သင်၏အခွင့်အရေးများနှင့် မကိုက်ညီဟု စိုးရိမ်နေပါက သင်၏ ဆေးပညာရှင် သို့မဟုတ် ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့အစည်းနှင့် ဆွေးနွေးပါ။ အကယ်၍ သင်သည် ထိုသို့မလုပ်နိုင်ပါက သို့မဟုတ် ၎င်းတို့၏ ဖြေရှင်းပေးမှုကို မကျေနပ်ပါက သင့်ပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေရှိ ကျန်းမာရေး မကျေနပ်ချက်တိုင်ကြားမှု အဖွဲ့အစည်းကို ဆက်သွယ်ပါ။

ပဋိညာဉ်စာတမ်း သို့မဟုတ် ကျန်းမာရေး မကျေနပ်ချက်တိုင်ကြားမှု အဖွဲ့အစည်းများအား ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များကို **www.safetyandquality.gov.au/your-rights** တွင် ကြည့်ရှုပါ။

Level 5, 255 Elizabeth Street
Sydney NSW 2000

GPO Box 5480
Sydney NSW 2001

တယ်လီဖုန်း - (02) 9126 3600
mail@safetyandquality.gov.au

**safetyandquality.gov.au**

ဤနေရာကို စကန်ဖတ်ပါ

AUSTRALIAN COMMISSION ON SAFETY AND QUALITY IN HEALTH CARE

2023 ခုနှစ်၊ ဒီဇင်ဘာလ

# ကျွန်ုပ်၏ ကျန်းမာရေး စောင့်ရှောက်မှု အခွင့်အရေးများ

BURMESE | မြန်မာစာ

AUSTRALIAN COMMISSION ON SAFETY AND QUALITY IN HEALTH CARE

ဩစတြေးလျ
ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အရေးများဆိုင်ရာ ပဋိညာဉ်စာတမ်း (ပဋိညာဉ်စာတမ်း) **Australian Charter of Healthcare Rights (The Charter)** တွင် ဖော်ပြထားသည့်အတိုင်း လုံခြုံပြီး အရည်အသွေး မြင့်မားသော ကျန်းမာရေးစောင့်ရှောက်မှု ရရန် သင့်တွင် အခွင့်အရေးရှိသည်။

ကျန်းမာရေးစောင့်ရှောက်မှု ရယူနေသည့်အခါ သင် သို့မဟုတ် သင် စောင့်ရှောက်ပေးသူတစ်ဦးဦး မျှော်လင့်နိုင်သည့်အရာကို ပဋိညာဉ်စာတမ်းက ရှင်းပြထားသည်။

ဤအခွင့်အရေးများသည် ဩစတြေးလျနိုင်ငံရှိ လူတိုင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် နေရာတိုင်းအပေါ် သက်ဆိုင်ပါသည်။

သင်၏ အခွင့်အရေးများကို ဖတ်ရှု၍နားလည်အောင်လုပ်ပါ။

## အသုံးပြုခွင့်

သင့်လိုအပ်ချက်များနှင့် ကိုက်ညီသော ကျန်းမာရေးစောင့်ရှောက်မှု ရယူရန် သင့်တွင် အခွင့်အရေးရှိသည်။

Medicare သည် ဆရာဝန်နှင့်ပြသခြင်းအပြင် ကုသမှုများနှင့် ဆေးဝါးများအတွက်လည်း ကုန်ကျစရိတ်များကို အကုန်ကျခံပေးပါသည်။ ကုသမှုမခံယူမီ သင်ပေးချေရန်လိုအပ်သည့် အခကြေးငွေများနှင့် စရိတ်များ ရှိ/မရှိ သိရှိရန် သင့်တွင် အခွင့်အရေးရှိသည်။

ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့အစည်းများသည် ၎င်းတို့၏ ဝန်ဆောင်မှုများကို မသန်စွမ်းသူများ အသုံးပြုနိုင်မည့် အနေအထားတစ်ခုကို ဆောင်ရွက်ပေးရန် လိုအပ်သည်။

## လုံခြုံမှု

အမျိုးသားအဆင့် စံချိန်စံညွှန်းများနှင့် ကိုက်ညီသော ဘေးကင်းလုံခြုံပြီး အရည်အသွေး မြင့်မားသော ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် သင့်တွင် အခွင့်အရေးရှိသည်။

ရရှိနိုင်သည့် အကောင်းဆုံး သက်သေအထောက်အထားများ၊ သင်၏ လိုအပ်ချက်များနှင့် ဦးစားပေးမှုများအပေါ် သင်၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသမှုကို အခြေခံသင့်သည်။

အကယ်၍ သင်၏ ကျန်းမာရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်နေပါက၊ စိုးရိမ်ဖွယ် အပြောင်းအလဲတစ်ခုကို သတိပြုမိပါက သို့မဟုတ် တစ်ခုခု လွဲချော်သွားသည်ဟု ထင်ပါက ပြန်လည်သုံးသပ်မှုတစ်ခု တောင်းဆိုရန် သင့်တွင် အခွင့်အရေးရှိသည်။

## လေးစားမှု

ဂုဏ်သိက္ခာရှိရှိ၊ လေးစားမှု၊ စာနာမှုတို့ဖြင့် ဆက်ဆံခံရရန် သင့်တွင် အခွင့်အရေးရှိသည်။

သင်၏လိုအပ်ချက်များနှင့် ပတ်သက်၍ သင့်အား မေးမြန်းသင့်သည်၊ စောင့်ရှောက်မှုသည် သင်၏ ရွေးချယ်မှုများကို ထင်ဟပ်သင့်သည်။

## မိတ်ဖက်ပူးပေါင်းမှု

သင်၏ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် မိတ်ဖက်တစ်ဦးအဖြစ် ဆက်ဆံခံရရန် သင့်တွင် အခွင့်အရေးရှိသည်။ သင် လိုအပ်သလောက် မေးခွန်းများများ မေးနိုင်ပါသည်။ သင့်ဆရာဝန်သည် သင့်ကျန်းမာရေး စောင့်ရှောက်မှုကို ရိုးသားပွင့်လင်းစွာ ပြောသင့်သည်။

သင့်အနေဖြင့် သင့်၏ စောင့်ရှောက်မှုတွင် မိသားစု၊ မိတ်ဆွေများ၊ စောင့်ရှောက်သူ သို့မဟုတ် သုံးစွဲသူအကျိုးဆောင်ကဲ့သို့ အခြားလူများကို ထည့်သွင်းနိုင်သည်။